# SIREN report

**STRATEGIC INFORMATION RESPONSE NETWORK**

**မဲခေါင်မြစ်ဝှမ်းဒေသအတွင်းလူကုန်ကူးမှုကိုတိုက်ဖျက်သည့်ကုလသမဂ္ဂအစီအစဉ်**

**(UNIAP): Phase III**

**ဖနွမ်ပင်မြို့၊ကမ္ဘောဒီးယား**

၃၁ ဩဂုတ်လ ၂၀၀၇ CB-01

## ပင်လယ်ပြင်၌ ကမ္ဘောဒီးယားအမျိုးသားများအား ခေါင်းပုံဖြတ်အမြတ်ထုတ်မှု

**မိမိတို့၏နေရပ်ကျေးရွာများတွင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းကြောင့် ကမ္ဘောဒီးယား အမျိုးသားများ နှင့် ယောကျ်ားကလေးများအနေနှင့် အန္တရာယ်ရှိနိုင်ကြောင်းသိပါသော်လည်း ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရန် ရွေးချယ်ရလေ့ရှိကြသည်။**

၂၀၀၇ ဧပြီလအတွင်းတွင် ကမ္ဘောဒီးယားနိုင်ငံ **Kandal** ပြည်နယ်မှ အမျိုးသား(၁၀)ဦး၊ ယောကျ်ား(၁)ဦး (အသက် ၁၅နှစ် မှ ၃၃ နှစ်အတွင်း) တို့သည်ယင်းတို့ခရိုင်မှ တရားမဝင်သောဒေသခံပွဲစားတစ်ဦး၏ အဆက်အသွယ်ဖြင့် ထိုင်းနိုင်ငံရှိငါးဖမ်းလှေများတွင် အလုပ်ရခဲ့ကြသည်။ **Sa-ang** ခရိုင်ရှိယင်းတို့၏ကျေးရွာတွင်လူငယ်များအတွက် ငါးဖမ်းလုပ်ငန်းအပြင် အခြားရွေးချယ်စရာအသက်မွေးဝမ်းကြောင်းလုပ်ငန်းအနည်းငယ်သာရှိသည်။ ငါးဖမ်းလုပ်ငန်းများရှားပါးလာသည့်အပြင် တိုးပွားနေသောလူဦးရေမှာယင်းလုပ်ငန်းအပေါ်မှီခိုအသက်မွေးနေရခြင်း၊ အလွန်ဝင်ငွေကောင်းသောငါးမွေးမြူရေးလုပ်ငန်းအပေါ်တားမြစ်သည့်ပေါ်လစီအသစ်ကို မကြာသေးမီက ပြဋ္ဌာန်းလိုက်ခြင်းတို့မှာ အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးလာရသည့် အကြောင်းအရင်းများဖြစ်သည်။ ထို့အပြင်အမျိုးသားများအနေနှင့် ရေကျသည့် ဧပြီလအတွင်း မိသားစုများအတွက် ဝင်ငွေရှာပေးနိုင်သည့် နည်းလမ်းနည်းပါးလေ့ရှိသည်။




ယင်းအမျိုးသားများအနေနှင့် နေရင်းဒေသကိုစွန့်၍အလုပ်အကိုင်ရှာဖွေရာတွင် ရွေးချယ်စရာအနည်းငယ်သာရှိသည်။ အလုပ်ရှင်များက လုပ်ငန်းခွင်ဆိုင်ရာ အခွင့်အရေးများ တောင်းဆိုမှုနည်းပါးနိုင်ချေရှိသည့် အမျိုးသမီးများကိုသာ ပိုမိုဦးစားပေးသည့်အတွက် စက်ရုံများတွင် အလုပ်ရရန်ခက်ခဲသည်။ ထိုင်းနိုင်ငံရှိငါးဖမ်းစက်

လှေများပေါ်တွင် ဆိုးဆိုးရွားရွား ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရသည့် ဇာတ်လမ်းအချို့ကိုကြားဖူးကြသော်လည်းအနည်းငယ်မျှသာဖြစ်သည်။ ထိုင်းနိုင်ငံတွင်သွားရောက်အလုပ်လုပ်ကိုင်ပြီးအဆက်အသွယ်ပြတ်နေကြသောရွာသားများရှိသော်လည်း အလုပ်အကိုင်အဆင်ပြေအောင်မြင်၍ နေရပ်ဒေသသို့မဆက်သွယ်ကြခြင်းသာဖြစ်မည်ဟုမှတ်ယူလေ့ရှိကြသည်။ အထက်ပါအကြောင်းအရင်းများကြောင့် **Kandal** ပြည်နယ်မှ အမျိုးသား(၁၁)ဦး အဖွဲ့သည် ပွဲစား၏ကမ်းလှမ်းချက်ကို သဘောကျနှစ်ခြိုက်ခဲ့ကြခြင်းဖြစ်သည်။

> ယင်းအုပ်စုကို **Kandal** ပြည်နယ်မှနေ၍မြို့တော် ဖနွမ်းပင်သို့ ခေါ်ဆောင်သွားခဲ့သည်(က)။ ထို့နောက် နယ်စပ်မြို့ဖြစ်သော **Poipet** သို့ပို့ခဲ့သည် (ခ)။ ယင်းမြို့မှနေ၍ မှတ်ပုံတင်စာရွက်စာတမ်းမရှိဘဲ ညလုံးပေါက် နယ်စပ်ဖြတ်ကျော်၍လမ်းလျှောက်ခဲ့ကြသည်။ ထိုင်းနိုင်ငံဘက်ခြမ်းနယ်စပ်သို့ရောက်သောအခါ ယင်းတို့အား **Songkhla** သို့ခေါ်ဆောင်သွားမည့် မော်တော်ယာဉ် (၂)စီး၊ ယာဉ်မောင်းတို့နှင့်ချိတ်ဆက်ခဲ့ကြ သည်။

အဆိုပါ(၁၁)ဦးအဖွဲ့သည် **Poipet** မြို့မှတစ်ဆင့် ညလုံးပေါက်နယ်စပ်ဖြတ်ကျော်လမ်းလျှောက်ခဲ့ပြီးနောက် **Poipet** မှအဆက်အသွယ်တစ်ဦး၏ပြောကြားချက်အတိုင်း ထိုင်းနိုင်ငံဘက်ခြမ်းမှမော်တော်ယာဉ်များနှင့် ချိတ်ဆက်ခဲ့ကြသည်။ အဆိုပါယာဉ်များက ယင်းတို့အား **Songkhla** သို့ခေါ်ဆောင်သွားခဲ့ပြီးစက်လှေတစ်စင်းပေါ်သို့တိုက်ရိုက်နီးပါးပို့ဆောင်ခဲ့သည်။ ထိုင်းနိုင်ငံမှထွက်ခွာသွားသော စက်လှေအချို့တွင် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းခံရသော သတင်းများကြားခဲ့ဖူးသော်လည်း အုပ်စုလိုက်နေပါက ဘေးကင်းမည်ဟုယုံကြည်ခဲ့ကြသည်။ **Songkhla** သည် ရေနက်ပိုင်းပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်ပြီးပင်လယ်ပြင်၌အချိန်ကာလကြာမြင့်စွာနေရသော ငါးဖမ်းစက်လှေများကိုနေရာချထားပေးလျက်ရှိသည်။ စက်လှေပေါ်တွင် (၂)နှစ်အလုပ်လုပ်ကိုင်ပြီးနောက် လစာပေးမည်ဖြစ်သည်ဟု ယင်းတို့အားပြောကြားခဲ့သည်။

> **ဖြစ်စဉ်၏အဓိကအကြောင်းအရာများ**
>
> - ကမ္ဘောဒီးယားနိုင်ငံ **Kandal** ပြည်နယ်မှ အသက်(၁၅)နှစ်အထက်အမျိုးသား(၁၁)ဦးကို ထိုင်းနိုင်ငံရှိ ငါးဖမ်းစက်လှေများတွင်အလုပ်ပေးခဲ့သည်။
> - ယင်းတို့အားထိုင်းနိုင်ငံဘက်သို့ ကုန်းလမ်းခရီးဖြင့် ယင်းတို့ဆန္ဒအလျောက်ပို့ဆောင်ခဲ့ပြီးနောက် **Songkhla** ရှိငါးဖမ်းစက်လှေတစ်စီးပေါ်တွင်(၂)နှစ်ခန့်အလုပ်လုပ်ကိုင်စေခဲ့သည်။
> - စက်လှေပေါ်တွင်တစ်လခန့် အနိုင်ကျင့်စော်ကားခံရပြီး လုပ်ခပင်ရရန်မသေချာသည့်အခါ ယင်းတို့အုပ်စုမှာ ထွက်ပြေးလိုစိတ်အလွန်အမင်းဖြစ်ပေါ်လာရသည်။
> - ယင်းအမျိုးသားများသည် သင်္ဘောကမ်းကပ်ရန်အတွက် စက်လှေ၏အင်ဂျင်ချွတ်ယွင်းအောင်ပြုလုပ်ကာ ယင်းတို့ကိုယ်တိုင်အဖမ်းခံ၊ ပြည်နှင်ဒဏ်ခံရပြီး ကမ္ဘောဒီးယားနိုင်ငံသို့ပြန်ရောက်အောင်ကြိုးစားခဲ့ကြသည်။
> - ယင်းတို့ရွာမှ ပွဲစားမှာအဖမ်းခံရပြီး ထိုင်းနိုင်ငံဘက်မှ ခေါင်းပုံဖြတ်မှုတွင်ပါဝင်ခဲ့သူများမှာမူ ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ စုံစမ်းစစ်ဆေးခံရခြင်းမရှိသေးပေ။

**ကမ္ဘောဒီးယားနိုင်ငံဘက်မှ အလုပ်ရှာဖွေပေးသူများ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ထိုင်းနိုင်ငံရှိ လုပ်ငန်းခွင်များတွင် ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ အနိုင်ကျင့်စော်ကားမှုများ အလွန်အကျူးဖြစ်ပေါ်လျက်ရှိသည်။**

ငါးဖမ်းစက်လှေပေါ်တွင် **Kandal** ပြည်နယ်မှ ယင်းတို့(၁၁) ဦး အပါအဝင်ကမ္ဘောဒီးယား အမျိုးသား (၂၇) ဦး၊ ထိုင်း(၆) ဦးနှင့် ထိုင်းမာလိန်မှူးတစ်ဦးပါဝင်သည်။ သင်္ဘောသားများမှာ အလုပ်ချိန်ပေါင်းများစွာလုပ်ရသော်လည်းတစ်နေ့လျှင်အိပ်ချိန်(၂)နာရီခန့်သာရရှိကြသည်။ အစာရေစာမလုံလောက်သည့်အပြင်နာမကျန်းဖြစ်သူများအတွက်ဆေးဝါးလည်းမရှိပေ။ ရုပ်ပိုင်းဆိုင်ရာ၊ နှုတ်ပိုင်းဆိုင်ရာအနိုင်ကျင့်စော်ကားခံရမှုများမကြာခဏဖြစ်ပွားလေ့ရှိပြီး ထိုင်းလူမျိုးသင်္ဘောသား အချို့မှာ လက်နက်ကိုင်ဆောင်ထားကြသည်။ ကမ္ဘောဒီးယားအမျိုးသားတစ်ဦးမှာ ခြေထောက်ရောင်နေသောကြောင့် မတ်တပ်မရပ်နိုင်သော်လည်း ယင်းအားရိုက်နှက်၍ အလုပ်ဆက်လုပ်စေသည်။ ဖြတ်သွားသောငါးဖမ်းလှေများမှ အခြားကမ္ဘောဒီးယားလူမျိုးများ၏ပြောပြချက်အရ ယခုငါးဖမ်းစက်လှေမှာ သင်္ဘောသားများအားရောင်းစားခြင်း၊ အလုပ်ကာလ (၂)နှစ်ပြီးဆုံးလျှင် လုပ်ခများကိုသင်္ဘောသားများထံမှ လိမ်လည်ယူခြင်းစသည့် နာမည်ဆိုးများရှိကြောင်း သိရှိခဲ့ရသည်။ တဖြည်းဖြည်းနှင့်ယင်းတို့အုပ်စုမှာရောင်းစားခံရခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်လာခဲ့ကြသည်။

လှေပေါ်တွင် (၁)လကျော်အလုပ်လုပ်ပြီးနောက် (၂)နှစ်တာကာလအထိအလုပ်လုပ်ရန် ခံနိုင်ရည်ရှိမည်မဟုတ်ကြောင်းသိရှိလာကြသည်။ ထွက်ပြေးလိုသော်လည်း ပင်လယ်ပြင်တွင်ရောက်ရှိနေသည့်အတွက် ကမ္ဘောဒီးယားသင်္ဘောသားများအဖို့ နည်းလမ်းနည်းပါးခဲ့ရသည်။ ကမ်းသို့ပြန်ကပ်နိုင်မည့်နည်းလမ်းကို အခြားစက်လှေများမှ ကမ္ဘောဒီးယားများအား မေးမြန်းရာ သင်္ဘောကမ်းကပ်ရန်အတွက်အင်ဂျင်ကိုတစ်နည်းနည်းဖြင့် ချွတ်ယွင်းအောင်ပြုလုပ်ရမည်ဟုသိခဲ့ရသည်။ အငယ်ဆုံးအဖွဲ့ဝင်၏ကြိုးပမ်းချက်ဖြင့် အင်ဂျင်အားအောင်မြင်စွာဖျက်ဆီး၍ သင်္ဘောကမ်းကပ်နိုင်ခဲ့သည်။ သိရှိသွားပါကအသက်အန္တရာယ်ကိုပင်ထိခိုက်နိုင်သည်ဖြစ်ရာယင်းလုပ်ရပ်မှာ ကမ္ဘောဒီးယားအဖွဲ့အတွက် အလွန်အန္တရာယ်များသည့် စွန့်စားရသောကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ ကံကောင်းထောက်မသဖြင့်သင်္ဘောအားမဖြစ်မနေကမ်းကပ်ပြီးပြင်ဆင်ရန်လုပ်ဆောင်နိုင်ခဲ့ကြသည်။

ထိုင်းနိုင်ငံရှိဆိပ်ကမ်းသို့ ပြန်ရောက်သောအခါ တစ်ဦးလျှင် ဘတ်ငွေ(၅၀၀)စီပေး၍ သင်္ဘောပြင်နေစဉ် သင်္ဘောကျင်း၌စောင့်ရန် ပြောကြားခဲ့သည်။ သို့သော်ယင်းတို့မှာအိမ်ပြန်လိုစိတ် အလွန်အမင်းဖြစ်ပေါ်နေပြီး ထိုင်းသင်္ဘောပိုင်ရှင်မှ အခြားသင်္ဘောပေါ်သို့ ရွှေ့ပြောင်းပို့ဆောင်မည်ကိုကြောက်ရွံ့ကြသဖြင့်မိုဘိုင်းဖုန်းတစ်လုံးငှားရမ်း၍မိဘများထံသို့ဆက်သွယ်ခဲ့ကြသည်။ ထို့နောက် ယင်းတို့၏ မိဘများမှဒေသခံပွဲစားအား ဆက်သွယ်ခဲ့ကြသည်။ အိမ်ပြန်ရန်အတွက် တစ်ဦးလျှင် ဘတ် (၃၅၀၀) (ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၀၀)စီပေးရမည်ဟု ပွဲစားကပြောကြားခဲ့သည်။ အစပိုင်းတွင် ယင်းငွေပမာဏဖြင့် သဘောတူညီခဲ့ကြသော်လည်း မကြာမီတွင် မတတ်နိုင်သောပမာဏဖြစ်သည့် ဘတ် (၆၅၀၀) အထိတိုးမြှင့်ခဲ့သည်။ မိဘများက ယင်းတို့၏သားများနှင့်ပွဲစားကိုပါ အသိပေးခဲ့သော်လည်းငွေမပေးပါကအဖမ်းခံရမည်ဖြစ်ကြောင်း ပွဲစားကပြောကြားခဲ့သည်။

**ယင်းတို့အတွက် အကောင်းဆုံးနည်းလမ်းမှာ ကိုယ်တိုင်အဖမ်းခံ၍ ပြည်နှင်ဒဏ်ခံစေခြင်းပင်ဖြစ်သည်။**

ယင်းတို့၏မိသားစုများက ကမ္ဘောဒီးယား **NGO** များဖြစ်သည့် **LICADHO** နှင့် **LSCW** တို့အားဆက်သွယ်ခဲ့ကြပြီး အဆိုပါအဖွဲ့များက ထိုင်းနိုင်ငံရှိ ယင်းတို့၏ကွန်ရက်များမှတစ်ဆင့် အဖွဲ့၏အခြေအနေကိုစုံစမ်းခဲ့သည်။ ယင်းအဖွဲ့များသည် အမှုအား **Commune Police Chief** ထံသို့လည်းအစီရင်ခံတင်ပြခဲ့ပြီးအဆိုပါရဲဌာနအကြီးအကဲသည် ပြည်နယ်/တိုင်းအဆင့်မှ တစ်ဆင့် ဗဟိုရဲတပ်ဖွဲ့ ( **Central Police** )သို့ဆက်လက် တင်ပြခဲ့သည်။

ထိုင်းနိုင်ငံရှိ ယင်းတို့အဖွဲ့သည် မိဘများက ပွဲစားမှ တောင်းခံသော ငွေပမာဏကို မတတ်နိုင်ကြောင်းကြားသိရသောအခါ ယင်းတို့အတွက်ဈေးအသက်သာဆုံး၊ အမြန်ဆုံးနှင့် အလုံခြုံဆုံးဖြင့် နေရပ်ဒေသသို့ ပြန်ရောက်ရန်မှာ ပြည်နှင်ခံခြင်းသာဖြစ်သည်ဟု စဉ်းစားဆုံးဖြတ်မိခဲ့ကြသည်။ ထို့ကြောင့် ယင်းတို့ကိုယ်တိုင် ရဲတပ်ဖွဲ့သို့သွားရောက်အဖမ်းခံပြီး **Songkhla** ရှိ **Sadao** တွင် ဖမ်းဆီးချုပ်နှောင်ထားခြင်းခံခဲ့ရသည်။ ထို့နောက် ယင်းတို့အား ထိုင်းလူဝင်မှုကြီးကြပ်ရေးအရာရှိများက ကမ္ဘောဒီးယားနိုင်ငံ **Poipet** နယ်စပ်သို့ ပို့ဆောင်ပေးခဲ့ပြီး ယင်းနယ်စပ်တွင် မိသားစုများနှင့် တွေ့ဆုံပြီး နေအိမ်သို့ပြန်လည်ရောက်ရှိခဲ့ကြသည်။ ထိုအချိန်မှစ၍ **Kandal** အခြေစိုက်ပွဲစားအား ဖမ်းဆီးအကျဉ်းချထားပြီး ထိုပွဲစားသည် ယခုအခါတရားခွင်ဝင်ရန် စောင့်ဆိုင်းလျက်ရှိသည်။ သို့သော်အဆိုပါပွဲစားအမျိုးသမီးအနေနှင့် ကမ္ဘောဒီးယားအမျိုးသားများကြုံတွေ့ခဲ့ရသောဖြစ်ရပ်များကိုသိရှိထားပြီး ဟုတ်/မဟုတ် ရွာသားများလည်းအသေအချာ မသိရှိကြပေ။ ထိုင်းနိုင်ငံဘက်ခြမ်းမှ အလုပ်ရှင်နှင့်ပွဲစားများမှာမူ ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ စုံစမ်းစစ်ဆေးခံရခြင်းတစ်စုံတစ်ရာမရှိသေးချေ။

ဤဖြစ်ရပ်မှာ လူကုန်ကူးမှုမြောက်ပါသလား**?** မြောက်သည်ဆိုပါက တရားစွဲဆိုပြီး ရုံးတော်သို့အပါခေါ်ရမည့်ပြစ်မှုကျူးလွန်သူများမှာမည်သူတို့နည်း**?** ခရီးလမ်းဆုံးနိုင်ငံဘက်မှကြည့်လျှင် ကမ္ဘောဒီးယားအမျိုးသားများမှာ ထိုင်းငါးဖမ်းလှေပေါ်၌ အလုပ်လုပ်ရသောအခြေအနေများတွင် အနိုင်ကျင့်စော်ကားခံရမှုများ ရှိနေသည့်အတွက် ထွက်ပြေးလိုသော်လည်း ပင်လယ်ပြင်တွင် ရောက်ရှိနေသောကြောင့် လွတ်လမ်းမရှိဖြစ်ခဲ့ကြရသည်။ တစ်ထောက်နားနေရာနှင့်ပတ်သက်၍မူ အဖမ်းခံထားရသော ကမ္ဘောဒီးယားပွဲစားသည် ငါးဖမ်းလှေပေါ်မှ ခေါင်းပုံဖြတ်စော်ကားမှုအခြေအနေများကို သိ/မသိ၊ ထိုင်းနိုင်ငံဘက်မှ ပွဲစားများ/လူကုန်ကူးသူများနှင့် သိကျွမ်းခြင်းရှိ/မရှိ၊ ယင်းတို့၏ခရီးမည်သည့်နေရာတွင်အဆုံးသတ်မည်ကို သိ/မသိ စသည်ဖြင့် သေသေချာချာ မဖော်ထုတ်ရသေးပေ။ ပွဲစားများအကြား လုပ်ငန်းဆောင်ရွက်မှု၊ ငွေကြေးဆိုင်ရာကိစ္စရပ်၊ ဆက်ဆံမှုများနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိရသေးပေ။ စုံစမ်းဖော်ထုတ်မှုလည်း မပြုရသေးပေ။ ထို့ကြောင့် ထိုင်းမာလိန်မှူးနှင့်သင်္ဘောပိုင်ရှင်တို့ကို လုပ်အားခေါင်းပုံဖြတ်မှုတွင် ပါဝင်ကြောင်း အလွယ်တကူပြနိုင်သော်လည်း အနိုင်ကျင့်စော်ကားမှုတို့တွင် ပွဲစားများနှင့် သယ်ယူပို့ဆောင်ပေးသူများ မည်သို့ပါဝင်ပတ်သက်နေခြင်းကို နားလည်သဘောပေါက်ရန်မှာ ပိုမိုခက်ခဲလှပါသည်။ ဤအမှု၏ သဘောသဘာဝအရ လုပ်အားခေါင်းပုံဖြတ်ခံရသူ အမျိုးသားများအနေနှင့် ကူညီမှုတစ်စုံတစ်ရာလိုအပ်ကြောင်း၊ ရသင့်ရထိုက်ကြောင်း၊ ရှင်းလင်းစွာဖော်ပြ

နေသည်။ **Palermo Protocol** နှင့်အညီ နိုင်ငံ၏ဥပဒေများကို ပြဋ္ဌာန်းရန်လိုအပ်နေကြောင်းကိုလည်း ဤအမှုကပြသခဲ့သည်။

**ကြိုတင်တားဆီးကာကွယ်ခြင်း၊မူဝါဒ၊ အကာအကွယ်ပေးခြင်း၊ တရားစွဲဆိုခြင်း။ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် ယင်းကဏ္ဍများကိုကြည့်ရာတွင် ဤနည်းဤပုံဖြင့် ခေါင်းပုံဖြတ်ခံရသူ အမျိုးသားများအတွက် မည်သည့်အရာများလိုအပ်နေသနည်း ?**

**Kandal** ပြည်နယ်ကဲ့သို့သောမိရိုးဖလာကမ္ဘောဒီးယားတံငါရွာများတွင် ပိုမိုများပြားလာသော အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဖိအားများကြောင့် အမျိုးသားများ၊ ယောကျ်ားလေးများသည် အခြားဒေသများသို့ အလုပ်အကိုင် သွားရောက်ရှာဖွေကြရာမှ ဘေးကင်းလုံခြုံမှုမရှိသော ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုဖြစ်ပေါ်လာမည်ကို လူအများ စိုးရိမ်နေကြသည်။ ထွန်ယက်စိုက်ပျိုးရန်မြေမရှိခြင်း၊ ငါးရှားပါးလာခြင်း၊ စက်ရုံများတွင် အလုပ်ရရန်ခက်ခဲခြင်းတို့ကြောင့် ပညာအရည်အချင်းအနည်းငယ်သာရှိသော၊ မြို့ပြနှင့်အဆက်အသွယ်ရှားပါးသော ကျေးလက်တံငါသည်အမျိုးသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရွေးချယ်ခွင့်နည်းပါးလှသည်။ ယခုဖြစ်စဉ်တွင်ပါဝင်သော အမျိုးသား(၁၁)ဦး၏ အတွေ့အကြုံများကို ကြားသိပြီးသည့်နောက် ရွာမှလူငယ်အများစုမှာ ထိုင်းနိုင်ငံရှိ ငါးဖမ်းစက်လှေများတွင် စွန့်စားသွားရောက်လုပ်ကိုင်တော့မည်မဟုတ်ကြောင်းပြောကြားခဲ့ကြသည်။ မည်သို့ပင်ဆိုစေ အဆိုပါ လူငယ်များမှာလည်း ရွာမှထွက်၍မည်သည့်အလုပ်အကိုင်အခွင့်အရေးကိုမဆို ရယူလိုစိတ်ပြင်းပြနေပုံရသည်။ သို့သော်ယင်းတို့အနေနှင့် ကျေးရွာမှထွက်၍ အလုပ်အကိုင်ရှာဖွေရန် အလုပ်အကိုင်အာမခံချက်၊ သွားရမည့်ခရီးလမ်းစသည်တို့ကို စိုးရိမ်မှုနှင့်စုံစမ်းမှု အနည်းငယ်သာရှိပြီး ပွဲစား (သို့) အိမ်နီးချင်းတစ်ဦးမှ ယခုထက်အနည်းငယ်ပို၍ စည်းရုံးပြောကြားလိုက်လျှင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ကြဦးမည်သာဖြစ်သည်။

**အကြံပြုချက်များ**

| တွေ့ရှိချက် | | အကြံပြုချက် |
|---|---|---|
| ၁။ | ငါးဖမ်းလှေများပေါ်မှခေါင်းပုံဖြတ်အမြတ်ထုတ်မှုကိုစုံစမ်းမှုအနည်းငယ်သာပြုလုပ်ပြီးစက်လှေပိုင်ရှင်များ(သို့)သင်္ဘောမာလိန်မှူးများကိုပြစ်ဒဏ် အနည်းငယ်သာချမှတ်သည်။ | (က) ထိုသို့သော လုပ်ငန်းခွင်ခေါင်းပုံဖြတ်မှု အခြေအနေများကို တားဆီးနိုင်ရန်အတွက် ပြည့်စုံကောင်းမွန်သော ပြစ်ဒဏ်များ ရှိသင့်သည်။<br>( ခ) သိလျက်နှင့် အနိုင်ကျင့်စော်ကားမှုများ ဖြစ်ပွားမှုအတွက် တာဝန်ရှိသူများအား စုံစမ်းတရားစွဲဆိုနိုင်ရန် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဥပဒေအရာရှိများအကြားပူးပေါင်းဆောင်ရွက်မှု မူဝါဒ ပြဋ္ဌာန်းသင့်သည်။ |
| ၂။ | ကျေးရွာများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရွေးချယ်စရာအခွင့်အလမ်း နည်းပါးခြင်းကြောင့် အခြားဒေသများသို့ထွက်ခွာ၍ အလုပ်အကိုင် ရှာဖွေကြသောကြောင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းခံကြရသည်။ | (က) ရပ်ရွာများတွင် ပြောင်းရွှေ့အလုပ်လုပ်ကိုင်မည့်အလားအလာရှိသူများအား ငါးဖမ်းလှေများပေါ်တွင် ခေါင်းပုံဖြတ်မှုခံရနိုင်သည့် အန္တရာယ်များနှင့် မိမိကိုယ်ကို မည်သို့ကာကွယ်ရမည်တို့ကို အသိပေး ပြောကြားသင့်သည်။ ကမ္ဘောဒီးယားလူမျိုး အလုပ်အကိုင်ရှာဖွေပေးသူများကိုဘေးကင်းသော ရွှေ့ပြောင်းမှုသွားလာလုပ်ကိုင်မှုဖြစ်စေမည့် လမ်းညွှန်ချက်များချမှတ်ပေးသင့်သည်။<br>( ခ)ကျေးလက်တောရွာများတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ရွေးချယ်စရာများရှိအောင် ပြုလုပ်ပေးသင့်သည်။ |

| | | |
|---|---|---|
| ၃။ | ညွှန်းပို့စနစ် (referral system) များမရှိခြင်း ကြောင့် ခေါင်းပုံဖြတ် ခံရသူအလုပ်သမားများမှာတစ်ခါတစ်ရံ အဖမ်းခံ ရပြီးပြည်နှင်ဒဏ်မခံရမီ ဖမ်းဆီးထိန်းသိမ်းခြင်း ခံကြရသည်။ | ငါးဖမ်းစက်လှေများပေါ်တွင် ခေါင်းပုံဖြတ်ခံရသူ၊ လုပ်ခမရသူ၊ အနိုင်ကျင့်စော်ကားခံရသူများအနေနှင့်ယင်းတို့၏ အခွင့်အရေးများကို သိနားလည်ပြီး ပြဿနာကိုကိုင်တွယ် ဖြေရှင်းနိုင် ရေးအတွက် ခရီးဆုံးနိုင်ငံဘက်တွင် ညွှန်းပို့ စနစ် (referral system) လိုအပ်နေပါသည်။ |

## နည်းစနစ်မှတ်စု

- ဖြစ်ရပ်မှန်ရှာဖွေခြင်းနှင့်မှတ်တမ်းတင်ခြင်း - LSCW နှင့် LICADHO
- ရပ်ရွာအတွင်းရှိရပ်တည်ရန်ခက်ခဲသည်ဟုယူဆထားသူများ၊ ရဲများ၊ ရပ်ရွာခေါင်းဆောင်များနှင့် အလုပ်အကိုင်ပွဲစားများအပါအဝင် ပြန်လည်ရောက်ရှိသူများကိုခြေရာကောက်ခြင်းနှင့်မေးမြန်းခြင်း - (UNIAP)

စာရေးသူများနှင့်ပတ်သက်၍

***Legal Support for Children and Women (LSCW) နှင့် Cambodian League for the Promotion and Defense of Human Rights (LICADHO) တို့သည်အလားတူအမှုများကို မှတ်တမ်းတင်ခဲ့ပြီး ကမ္ဘောဒီးယားရွှေ့ပြောင်းအလုပ်သမားများ ခေါင်းပုံဖြတ်ခံရသောအမှုများ၌ အကူအညီပေးခဲ့သော ကမ္ဘောဒီးယား NGO များဖြစ်ပါသည်။***

**ဤအစီရင်ခံစာနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုခြင်း၊ အကြံပြုလိုခြင်းရှိခဲ့လျှင် Paul Buckley Paul.Buckley@undp.org ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**

**ကမ္ဘောဒီးယားနိုင်ငံ၏လူကုန်ကူးမှုအခြေအနေနှင့်တုံ့ပြန်မှုတို့နှင့်ပတ်သက်အသေးစိတ်သိရှိလိုပါက LimTith Tith.Lim@undp.org UNIAP (Cambodia) သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။**

**UNIAP: www.no-trafficking.org**

ဤအစီရင်ခံစာတွင်ပါဝင်သော အချက်အလက်များသည် UNIAP ၏တရားဝင်ထုတ်ပြန်ထားသော အချက်အလက်များမဟုတ်ပါ။ ဖော်ပြထားသောသတင်းအချက်အလက်များ၊ ထင်မြင်သုံးသပ်ချက်များ နှင့်ခိုင်လုံမှန်ကန်မှုတို့သည် မူရင်းသတင်းထုတ်ပြန်သူ၏တာဝန်သာဖြစ်ပါသည်။